ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

**ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၇ ရက်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထဝီနိုင်ငံရေး

**အကျဉ်းချုပ်**

အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် နှစ်နိုင်ငံလွတ်လပ်ရေးရပြီးသည့်အချိန်မှစ၍ ဆက်ဆံရေးတင်းမာမှုများရှိနေခဲ့ခြင်းသည် တောင်အာရှဒေသ၏ ပြဿနာတစ်ရပ်ဖြစ်ပါသည်။ ထို့ပြင် တောင်အာရှဒေသသည် တရုတ်နိုင်ငံနှင့် အမေရိကန်နိုင်ငံစသည့်အင်အားကြီးနိုင်ငံများ၏ စီးပွားရေး၊ စစ်ရေးအင်အားတိုးချဲ့တည်ဆောက်ခြင်းနှင့် လူမျိုးရေး၊ ဘာသာရေးအခြေခံအမုန်းတရားများကြောင့် မတည်မငြိမ်ဖြစ်နေသည့်ဒေသတစ်ခုလည်း ဖြစ်ပါသည်။ သမိုင်းကြောင်းအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အရှေ့ပါကစ္စတန်နိုင်ငံမှ လွတ်မြောက်စေရန် အိန္ဒိယနိုင်ငံ၏ ကူညီပေးခဲ့မှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်ခဲ့ပြီးနောက်ပိုင်း နှစ်ကာလအတော်ကြာတွင် နှစ်နိုင်ငံဆက်ဆံရေးမတည်ငြိမ်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ မြန်မာနိုင်ငံနှင့်မူ ဘင်္ဂါလီဒုက္ခသည် အရေးမှာ လက်တလောရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်ဖြစ်နေပါသည်။ တောင်အာရှတွင်း ဒေသများနှင့် သာမက အခြားအိမ်နီးချင်းနိုင်ငံများနှင့်ပါ စီးပွားရေးပူးပေါင်းဆောင်ရွက်ရန် ချမှတ်ထားသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအရ တရုတ်နိုင်ငံ၊ အမေရိကန်နိုင်ငံတို့နှင့် ပူးပေါင်း၍ နိုင်ငံ၏စစ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်လျက် ရှိပါသည်။ ၂၀၂၃ ခုနှစ်တွင် နျူကလီးယားစွမ်းအင်ရရှိနိုင်တော့မည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် သာမက တောင်အာရှနိုင်ငံများကပါ စိတ်ဝင်စားနေသည့် နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။

ဤစာတမ်းတိုတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထဝီဝင်အနေအထား၊ နောက်ခံသမိုင်း၊ ပထဝီနိုင်ငံရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံဆက်ဆံရေး ၊ တရုတ်နိုင်ငံနှင့် အိန္ဒိယနှစ်နိုင်ငံ အားပြိုင်မှု ၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံဆက်ဆံရေး၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတင်းမာမှုများ၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံစစ်အင်အားပိုင်ဆိုင်မှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံအကြား ဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် ပူးပေါင်းဆောင်ရွက်မှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအခြေအနေ စသည့်အကြောင်းအရာများအား ထည့်သွင်းရေးသားထားပါသည်။

**သုတေသနစာတမ်းတိုအမှတ်စဉ် (၁၅၀)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁။ နိဒါန်း ........................................ ၃

၂။ ရည်ရွယ်ချက် ........................................ ၃

၃။ အချက်အလက်ဖော်ပြမှုနည်းနာနိသယများ ........................................ ၃

၄။ ပထဝီဝင်အနေအထား ........................................ ၄

၅။ နောက်ခံသမိုင်း ........................................ ၅

၆။ ပထဝီနိုင်ငံရေး ........................................ ၆

၇။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံဆက်ဆံရေး ........................................ ၁၀

၈။ တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ အားပြိုင်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ်
အကျိုးသက်ရောက်မှု ........................................ ၁၁

၉။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး ........................................ ၁၃

၁၀။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတင်းမာမှုများ ........................................ ၁၅

၁၁။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံစစ်အင်အားပိုင်ဆိုင်မှုအခြေအနေ ........................................ ၁၇

၁၂။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ဖြစ်ပေါ်နေသည့်အခြေအနေများအပေါ်
ပူးပေါင်းဆောင်ရွက်မှုများ ........................................ ၁၇

၁၃။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအခြေအနေ ........................................ ၂၀

၁၄။ နိဂုံး ........................................ ၂၁

**နိဒါန်း**

၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်ပြီး နယ်မြေထိစပ်နေသည့်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံတို့၏ ပထဝီနိုင်ငံရေးအရ အရေးပါသည့်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အင်အားကြီးအိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် အရှေ့တောင်အာရှတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ဩဇာလွှမ်းမိုးနိုင်ရေးကြိုးပမ်းလျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံရေးအရလည်းကောင်း၊ ပထဝီအနေအထားအရလည်းကောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရေးအရလည်းကောင်း အိမ်နီးချင်းနိုင်ငံများမှ စီးပွားရေးရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားခြင်းခံရသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ ထို့ကြောင့် ပထဝီနိုင်ငံရေးအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အရေးကြီးသည့် နိုင်ငံခြားရေးမူဝါဒများချမှတ်ရာတွင် ဆုံးဖြတ်ချက်ချနိုင်သော အနေအထားတွင်ရှိနေသည့်နိုင်ငံ ဖြစ်နေပါသည်။

**ရည်ရွယ်ချက်**

၂။ တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စိတ်ဝင်စားဖွယ်ရာ ပထဝီနိုင်ငံရေးအကြောင်း လေ့လာသိရှိနိုင်စေရန် ရည်ရွယ်ပါသည်။

**အချက်အလက်ဖော်ပြမှုနည်းနာနိသသယများ**

၃။ ဤစာတမ်းတိုပါအချက်အလက်များကို Britannica ၊ WorldAtlas ၊ The Daily Star ၊ The Geopolitics ၊ Hhmeland Security Digital Library ၊ Science Direct ၊ Research Gate ၊ Orserver Research Foundation (ROF) ၊ LAS Gatewayy ၊ World Population Review ၊ Global Firepower (GFP) ၊ The Quint နှင့် The Diplomat အစရှိသည့် နိုင်ငံတကာ Website များ ၊ ပြည်တွင်း Website များမှ ထုတ်ပြန်ထားသော သတင်းအချက်အလက်များ၊ Future of Bangladesh-India Relationship-A Critical Analysis Report ၊ နိုင်ငံပိုင်သတင်းစာများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များမှ ထုတ်နှုတ်ရေးသားထားခြင်းဖြစ်ပါသည်။

## ပထဝီဝင်အနေအထား

၄။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်ပြီး အနောက်ဘက်နှင့် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ အရှေ့ဘက်တွင် မြန်မာနိုင်ငံ၊ တောင်ဘက်တွင် ဘင်္ဂလားပင်လယ်အော်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါသည်။[1] ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အကျယ်အဝန်းအားဖြင့် ၁၃၀,၁၇၀ ကီလိုမီတာ (၅၀,၂၅၉ စတုရန်းမိုင်)[2] ကျယ်ဝန်းပြီး လူဦးရေစုစုပေါင်း ၁၆၄ သန်းကျော် ရှိပါသည်။[3] ဘင်္ဂလားဒေ့ရှ် နိုင်ငံအား ပြည်နယ် ၈ ခု၊ ခရိုင် ၆၄ ခုနှင့် ဖွဲ့စည်းထားပြီး အကြီးဆုံးမြို့တော်မှာ ဒါကာမြို့ဖြစ်ပါသည်။ ၁၆ ရာစုအကုန်တွင် စတင်တည်ထောင်ခဲ့သည့်မြို့ဖြစ်ပြီး လူဦးရေ ၁၇ သန်း ခန့် နေထိုင်သည့်မြို့ ဖြစ်ပါသည်။ ဗလီများ၏ မြို့တော်ဟုနာမည်ထင်ရှားပြီး ဒါကာမြို့တစ်မြို့တည်းတွင်ပင် ဗလီပေါင်း ၅,၇၀၀ ကျော်နှင့် ၁၀,၀၀၀ ကြားရှိပါသည်။ အခြားထင်ရှားသည့် မြို့ကြီးများမှာ လူဦးရေ ၄ သန်း ကျော်နေထိုင်သည့် Chittagong ၊ လူဦးရေ ၁ သန်းကျော်နေထိုင်ရာ Khulna နှင့် လူဦးရေ ၉ သိန်း ခန့်နေထိုင်ရာ Rajshahi မြို့တို့ ဖြစ်ပါသည်။[4]




---

[1] THUTAMM ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြောင်းသိကောင်းစရာ၊ THUTAZONE NEWS ၊: https://tinyurl.com/yy7vvbn8 ၊ ထုတ်ဝေသည့်ရက်စွဲ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ ၉ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၇ ရက်)

[2] Bangladesh Population ၊ Worldometer ၊ available from https://www.worldometers.info/world-population/bangladesh-population/ ၊ (ကြည့်ရှုသည့်ရက်စွဲ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်)

[3] Population of Bangladesh (2020 and historical)၊ Worldometer ၊ available from https://www.worldometers.info/world-population/bangladesh-population/ ကြည့်ရှုသည့် ရက်စွဲ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၉ ရက်)

[4] THUTAMM ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြောင်းသိကောင်းစရာ၊ THUTAZONE NEWS ၊: https://tinyurl.com/yy7vvbn8 ၊ ထုတ်ဝေသည့်ရက်စွဲ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ ၉ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၇ ရက်)

၅။ လူဦးရေစုစုပေါင်း၏ ၄၈.၄ ရာခိုင်နှုန်းသည် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြပြီး ၎င်းလုပ်ငန်း [illegible] GDP [illegible] မြေ ၇၀ ရာခိုင်နှုန်းတွင် ကောက်ပဲသီးနှံများ

Source: Geoscience News and Information

စိုက်ပျိုးကြပြီး အဓိကစိုက်ပျိုးသောကောက်ပဲသီးနှံများမှာ ဆန်၊ ဂုန်လျှော်၊ ဂျုံ၊ လက်ဖက်၊ ပဲနှင့် ဆီတို့ ဖြစ်ပါသည်။[5] အခြားလုပ်ငန်းများအနေနှင့် ချည်မျှင်နှင့် အထည်၊ ဆေးဝါးထုတ်ကုန်များ၊ အီလက်ထရောနစ်၊ သင်္ဘောတည်ဆောက်ခြင်း၊ စက်ဘီး၊ လည်သာ၊ ပလတ်စတစ်၊ မှန်၊ စားသောက်ကုန်နှင့် အဖျော်ယမကာ၊ သဘာဝဓာတ်ငွေ့နှင့် ရေနံစိမ်းတူးဖော်ရေး၊ သံနှင့် စတီး စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။[6]

**နောက်ခံသမိုင်း**

၆။ တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်း ၂၀,၀၀၀ ကျော်ကခေတ်ကာလမှာပင် လူသားများစတင်အခြေချနေထိုင်ခဲ့သည့်နေရာ ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄,၀၀၀ ခန့်က အခြေချခဲ့သည့် အထောက်အထားများကိုလည်း ထပ်မံ၍တွေ့ရှိခဲ့ရ ပါသည်။ အစောပိုင်းဘင်္ဂလားနယ်မြေတွင် အခြေချနေထိုင်သူများမှာ ဩစတြိုအေးရှားတစ်၊ တိဘက်တိုဘားမန်း၊ ဒြာဗီဒီယန်နနှင့် အင်ဒိုအာရိယန်အနွယ်များ ဖြစ်ပါသည်။ ရောမပထဝီ ပညာရှင်များ၏ မှတ်တမ်းအရ ဘီစီ ၃၀၀ ဝန်းကျင်ခန့်တွင် ဂရိ၊ ရောမတို့နှင့် ခေတ်ပြိုင် Gangaridai ဘုရင့်နိုင်ငံသည် အဆိုပါနေရာတွင် ပေါ်ပေါက်ခဲ့ပြီး ဘင်္ဂလားနယ်၏ အရှေ့တောင်ပိုင်းတွင် ကြီးမားသည့် ဆိပ်ကမ်းမြို့လည်း ရှိခဲ့ပါသည်။[7]

၇။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအား အိန္ဒိယအရှေ့မြောက်ပိုင်းရှိ ဂျာမူးနား (JAMUNA) မြစ်နှင့် ပက်ဒမား (PADMA) မြစ်တို့ ဝန်းရံထားရှိပြီး အနောက်ဘက်ရှိသစ်တောများနှင့် အလယ်ပိုင်းရှိ တူးမြောင်း

---

[5] FAO Regional Office for Asia and the Pacific ၊ Food and Agriculture Organization of the United Nation ၊ available from: http:// www.fao.org/ asiapacific/perspectives/agricultural-statistics/global-strategy/results-in-the-region/bangladesh/en/၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ခုနှစ်၊ မေလ ၂၅)

[6] THUTAMM ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြောင်းသိကောင်းစရာ၊ Thutazone၊ https://preview.tinyurl.com/ydfs3oa3/ ၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၉ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၇ ရက်)

[7] THUTAMM ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြောင်းသိကောင်းစရာ၊ THUTAZONE NEWS ၊ available from: https://tinyurl.com/yy7vvbn8 ၊ ထုတ်ဝေသည့်ရက်စွဲ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ၊ ၉ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၇ ရက်)

များစွာက အကာအကွယ်ပေးထားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အိန္ဒိယမြောက်ပိုင်းလွင်ပြင်အား ကျော်လွန်၍ ဆက်သွယ်ရေးအားနည်းသောကြောင့် ဒေသဆိုင်ရာယဉ်ကျေးမှုများ ကွဲပြားခဲ့ကြပါသည်။ အစောပိုင်းကာလများတွင် အုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် အုပ်ချုပ်ခဲ့ကြပြီး ဘင်ဂေါ (BENGAL) ပြည်နယ်ဟု အမည်တွင်ခဲ့ကာ ယင်းပြည်နယ်ထဲတွင် ဂန်ဂါရီဒိုင် (Gangaridai)၊ ဗန်ဂါ (Vanga)၊ ဂါယူဒ (Gauda)၊ ပန်ဒြ (Pundra) နှင့် ဆာမာတာတာ (Samatata) နှင့် အခြားမြို့များ ပါဝင်ပါသည်။ ၁၄ ရာစုတွင် ဘိုင်ဟာ (BIHAR) နှင့် အော်ရီဆာ (ORISSA) (ယခုအိန္ဒိယပြည်နယ်) မြို့များအား ထပ်မံထည့်သွင်းခဲ့ပြီး ဆူဘာဘန်ဂလာ (SUBA BANGALAH) အား လုပ်ပိုင်ခွင့်အပ်နှင်းခဲ့ပြီး ဗြိတိသျှကိုလိုနီအုပ်ချုပ်ရေးမှ ဘင်ဂေါပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖြစ် ခေါ်တွင်စေခဲ့ပါသည်။ ၁၉၄၇ ခုနှစ်တွင် ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုစနစ်အဆုံးသတ်ခဲ့ပြီး ဘင်ဂေါပြည်နယ်များအား အရှေ့ဘင်ဂေါနှင့် အနောက်ဘင်ဂေါဟူ၍ ၂ ပိုင်း ကွဲခဲ့ပါသည်။ ၁၉၅၅ ခုနှစ်တွင် အရှေ့ပါကစ္စတန် အား အရှေ့ဘင်ဂေါဟုအမည်တွင်စေပြီး အရှေ့ပါကစ္စတန်ထဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံပါဝင်ခဲ့ ပါသည်။ ထို့နောက် ၁၉၇၁ ခုနှစ်တွင် ပါကစ္စတန်ထံမှ လွတ်လပ်ရေးရရှိခဲ့ပြီး ဘင်္ဂလားဒေ့ရှ် သမ္မတနိုင်ငံဟူ၍ ပေါ်ပေါက်လာခဲ့ပါသည်။[8]

၈။ ထို့နောက် ၁၉၇၂ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လွတ်လပ်သည့် ပါလီမန်ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်လာခဲ့ပါသည်။[9] နိုင်ငံအား ပြည်ထောင်စုပါလီမန်စနစ်ဖြင့်အုပ်ချုပ်ပြီး လက်ရှိသမ္မတမှာ အဗ္ဗဒူလ် ဟာမစ် (Abdul Hamid) ဖြစ်ကာ ဝန်ကြီးချုပ်မှာ ရှိတ်ဟာဆီနာ (Sheikh Hasina) ဖြစ်ပါသည်။[10]

---

[8] Hugh Russell Tinker ၊ Bangladesh ၊ History ၊ BRITANNICA ၊ available from: https://www.britannica.com/place/Bangladesh/The-arts ၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၃ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်)

[9] Emraan Azad ၊ Bangladesh's First Constitution ၊ The Daily Star ၊ available from: https://www.thedailystar.net/law-our-rights/bangladeshs-first-constitution-1560727?browserpush=true၊ ထုတ်ဝေသည့်ရက် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်)

[10] BANGLADESH Jatiya Sangsad (Parliament) ၊ INTER-PARLIAMENTARY UNION ၊ available from: http://archive.ipu.org/parline-e/ reports/ 2023.htm ၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်)

**ပထဝီနိုင်ငံရေး**

၉။ ဘင်္ဂလားဒေ့ရှ်နိုင်ငံပါဝင်သော တောင်အာရှဒေသသည် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသောဒေသတစ်ခုဖြစ်ပြီး တောင်အာရှနိုင်ငံများတွင် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံ၊ ဘူတန် နိုင်ငံ၊ နီပေါနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့ ပါဝင်ပါသည်။ အာရှတွင် အင်အားကြီးနှစ်နိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့်အတူ အမေရိကန်နိုင်ငံသည် တောင်အာရှနိုင်ငံများတွင် စီးပွားရေးအရ အပြိုင်အဆိုင်ဝင်ရောက်ထိုးဖောက်ရင်းနှီးမြှုပ်နှံမှုများရှိလာခဲ့ခြင်း၊ ၁၉၉၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နှစ်နိုင်ငံသည် နျူကလီးယားဖောက်ခွဲမှု ကိစ္စရပ်များပြုလုပ်ခဲ့ခြင်း၊ အိန္ဒိယနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် လွတ်လပ်ရေးရရှိပြီးစဉ်ကတည်းကပင် နှစ်နိုင်ငံအစဉ်အဆက် တင်းမာမှုများရှိခဲ့ကြခြင်း၊ တောင်အာရှဒေသ၌ ဖြေရှင်းရခက်ခဲသော ပြဿနာများဖြင့် ပြည့်နှက်နေသည့် အင်အားကြီးနိုင်ငံကြီးများပါဝင်ပတ်သက်မှုနှင့် အန္တရာယ်များသောဒေသတစ်ခုအဖြစ် တည်ရှိနေခြင်းတို့သည် တောင်အာရှနိုင်ငံ၏ ပထဝီနိုင်ငံရေးအား ပိုမိုစိတ်ဝင်စားဖွယ်ကောင်းစေလျက်ရှိနေပါသည်။

၁၀။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လွန်ခဲ့သည့် နှစ်ပေါင်း ၅၀ ခန့်အထိ အိန္ဒိယနိုင်ငံ၏ အစိတ်အပိုင်းဖြစ်ခဲ့ပြီး သွေးမြေကျစစ်ပွဲများဖြစ်ပွားပြီးနောက် ၁၉၇၁ ခုနှစ်၊ ဒီဇင်ဘာလတွင် ပါကစ္စတန်နိုင်ငံထံမှ လွတ်လပ်ရေးရရှိခဲ့ပါသည်။[11] ယခုအခါတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အင်အားကြီးနိုင်ငံတစ်နိုင်ငံ ဖြစ်သော တရုတ်နိုင်ငံအတွက် ပထဝီနိုင်ငံရေးအရ အရေးပါလာပါသည်။[12] ထိုနည်းတူစွာ အိန္ဒိယနိုင်ငံအတွက်လည်း မဟာဗျူဟာအရ အလွန်အရေးပါလာလျက်ရှိကာ အကြောင်းအရင်း မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ဘင်္ဂလားပင်လယ်အော်တွင် ခံတွင်းပေါက်လေးတစ်ခု သဖွယ် ထွက်ပေါက်တစ်ခုအဖြစ်တည်ရှိနေသောကြောင့် ဖြစ်ပါသည်။ ထို့အတူ အမေရိကန်နိုင်ငံ

---

[11] Joseph Kiprop ၊ Which Countries Border Bangladesh? ၊ WorldAtlas ၊ available from: https://www.worldatlas.com/articles/what-countries-border-bangladesh.html၊ ထုတ်ဝေသည့် ရက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၀၊ ကြည့်ရှုသည့် ရက် ၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

[12] Avia Nahreen ၊ The growing strategic importance of Bangladesh to China၊ The Daily Star ၊ available from: https://www.thedailystar .net/op-ed/the-growing-strategic-importance-bangladesh-china-1393957၊ ထုတ်ဝေသည့်ရက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်(ကြည့်ရှုသည့်ရက် ၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

အတွက်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံကိုတားဆီးရန် ဒေသဆိုင်ရာ မဟာဗျူဟာအရ အရေးကြီးသည့်အခန်းကဏ္ဍတွင် ရပ်တည်နေပါသည်။[13]

၁၁။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အရှေ့ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တစ်လျှောက်အား အိန္ဒိယနိုင်ငံမှ ပတ်လည်ဝန်းရံထားခြင်း၊ ဘင်္ဂလားပင်လယ်အော်သို့ ထွက်ပေါက်အဖြစ်ရှိနေခြင်း၊ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ဆက်စပ်နေခြင်းတို့သည် ပထဝီအနေအထားအရ အိန္ဒိယနိုင်ငံအတွက် အားသာချက်ဖြစ်နေပါသည်။ ထို့ပြင် အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရှည်လျားသော နယ်နိမိတ်တစ်လျှောက် စကြိုသဖွယ်တည်ရှိမှုအပေါ်အခြေခံ၍ တောင်အာရှဒေသသည် ပထဝီနိုင်ငံရေးအရ အလွန်အရေးပါလာရာ တောင်အာရှအတွင်းတည်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အားသာချက်များ ရှိနေပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏တောင်ဘက်တွင် ပင်လယ်ထွက်ပေါက်တည်ရှိနေသော်လည်း ဘင်္ဂလားပင်လယ်အော်၏ ကန်တော့ပုံသဏ္ဌာန် တည်ရှိနေမှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အိန္ဒိယနိုင်ငံနှင့်သော်လည်းကောင်း၊ မြန်မာနိုင်ငံနှင့်သော်လည်းကောင်း ပင်လယ်နယ်နိမိတ်သတ်မှတ်ရာတွင် အငြင်းပွားမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။[14]

၁၂။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နျူကလီးယားစွမ်းအင်လက်နက်ပိုင်ဆိုင်သောနိုင်ငံများ ဖြစ်ကြပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ခြင်းထိစပ်နေခြင်းကြောင့် ကာကွယ်ရေးအပိုင်းတွင် အိန္ဒိယနိုင်ငံနှင့် ပဋိပက္ခများဖြစ်ပွားလာပါက နိုင်ငံအတွက်အားနည်းချက်များစွာ ရှိလာနိုင်ပါသည်။ ထို့ပြင် မြစ်ရေကို မျှဝေသုံးစွဲရခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အားနည်းချက်တစ်ခုကဲ့သို့ ဖြစ်နေပါသည်။ အကြောင်းမှာ မြစ်ရေစီးဆင်းရာအစသည် အိန္ဒိယနိုင်ငံတွင် မြစ်ဖျားခံနေသောကြောင့် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံတွင် မြစ်ဖျားခံနေသော မြစ် ၄၅ စင်းသည် ဘင်္ဂလားဒေ့ရှ်နယ်မြေသို့ စီးဆင်းနေခြင်းတို့ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် မဟာဗျူဟာအရ

---

[13]Md. Aslam Hossain ၊ Bangladesh is at a Geopolitical Crossroads၊ The Geopolitics ၊ available from: https://thegeopolitics. com/bangla desh-is-at-a-geopolitical-crossroads/၊ ထုတ်ဝေသည့်ရက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၅၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

[14]M A Awal Hossain Future of Bangladesh-India Relationship-A Critical Analysis ၊ HOMELAND SECURITY DIGITAL LIBRARY available from: https://www.hsdl.org/?view&did=811430 ၊ ထုတ်ဝေသည့်ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

အားနည်းချက်ဖြစ်နေပါသည်။ အိန္ဒိယနိုင်ငံအနောက်ပိုင်းတွင် ဖာရာကာ (Faraka) ဟုခေါ်သည့် မြစ်တားဆည်တည်ဆောက်ခြင်းနှင့် အခြားသောမြစ်တားဆည် တည်ဆောက်နိုင်သည့် အလားအလာများရှိခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အလိုအလျောက်အားနည်းချက်တစ်ခုဖြစ်နေပါသည်။[15] ထို့ပြင် အိန္ဒိယနိုင်ငံဘက်မှ တည်ဆောက်သော ဆီလီဂူရီကော်ရစ်တာစင်္ကြံလမ်း (တစ်နိုင်ငံ၏ ပိုင်နက်အတွင်း အင်အားကြီးတစ်နိုင်ငံက ဖြတ်သန်းသွားလာခွင့်ပြုခြင်း) ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် မဟာဗျူဟာအရ အားနည်းချက်ဖြစ်ပေါ်စေခဲ့ပါသည်။ ၎င်းလမ်းကြောင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နီပေါနိုင်ငံ၊ ဘူလ်တန်နိုင်ငံများနှင့် စည်းခြားသွားသကဲ့သို့ ဖြစ်နေပါသည်။ ထိုသို့ နီပေါနိုင်ငံ၊ ဘူလ်တန်နိုင်ငံများနှင့် ချိတ်ဆက်မှုအားနည်းနေရသကဲ့သို့ တရုတ်နိုင်ငံနှင့် ချိတ်ဆက်ရာတွင်လည်း အားနည်းချက်များ ဖြစ်ပေါ်နေရပါသည်။ လွတ်လပ်ရေးရရှိပြီးစဉ်ကပင် ဘင်္ဂလားဒေ့ရှ်နယ်မြေကိုဖြတ်သန်း၍ လမ်းကြောင်းတစ်ခုသဖွယ် အိန္ဒိယနိုင်ငံ၏ ပြည်နယ် ၂ ခုနှင့် ရထားလမ်း၊ ရေကြောင်းလမ်း၊ ကားလမ်းများဖြင့် ဆက်သွယ်မှုပြုထားသော ကြောင့် အိန္ဒိယနိုင်ငံ၏ ကုန်စည်စီးဆင်းမှုတွင် ကုန်ကျစရိတ်အနည်းဆုံးဖြင့် ကုန်စည်များစီးဆင်းမှု လျင်မြန်သွက်လက်လာခဲ့ပါသည်။ ထိုကဲ့သို့သော အကြောင်းအချက်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ သည် အိန္ဒိယနိုင်ငံ နှင့် ရေသုံးစွဲမှုပြဿနာ၊ နယ်စပ်ပြဿနာ၊ ပင်လယ်ရေကြောင်း ပြဿနာများ ဖြစ်ပွားလေ့ရှိပြီး နိုင်ငံခြားရေးမူဝါဒများ ချမှတ်ရာတွင် သတိထား၍ ချမှတ်ရလေ့ရှိပါသည်။ [16]

၁၃။ အိန္ဒိယတစ်နိုင်ငံတည်းကသာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထဝီအနေအထားအား စိတ်ဝင်စားသည်မဟုတ်ဘဲ နီပေါ၊ ဘူလ်တန်၊ တရုတ်၊ အမေရိကန်၊ ဂျပန်နှင့် ဩစတေးလျစသည့် နိုင်ငံများကလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပထဝီနိုင်ငံရေးအရေးပါမှုကို အသိအမှတ်ပြုလျက်ရှိကြပါသည်။ နီပေါနိုင်ငံနှင့် ဘူလ်တန်နိုင်ငံတို့သည် ကုန်သွယ်မှုအတွက် ပင်လယ်ထွက်ပေါက်မရှိသောကြောင့်

[15]A B M EnamolHassan ၊ Indian hegemony on water flow of the Ganges: Sustainability challenges in the southwest part of Bangladesh ၊ Science Direct ၊ available from: https://www.sciencedirect.com/science/article/pii/S2666188819300024 ၊ ထုတ်ဝေသည့်ရက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၄ ရက်)

[16] M A Awal Hossain Future of Bangladesh-India Relationship-A Critical Analysis ၊ HOMELAND SECURITY DIGITAL LIBRARY ၊ available from: https://www.hsdl.org/?view&did=811430 ၊ ထုတ်ဝေသည့်ရက် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုသာ အားကိုးနေရပြီး ဘင်္ဂလားဒေ့ရှ်ပင်လယ်ဆိပ်ကမ်းများသည် ၎င်းနိုင်ငံများအတွက် အရေးပါသည့်နေရာတွင် ရပ်တည်လျက်ရှိပါသည်။ တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံအား ပထဝီဝင်မဟာဗျူဟာအနေအထားအရထိန်းချုပ်ရန် အခွင့်အလမ်းများရှာဖွေနေလျက်ရှိရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရုတ်နိုင်ငံအတွက် အရေးပါသည့်နေရာတွင် တည်ရှိနေပါသည်။ အမေရိကန်နိုင်ငံအနေဖြင့်လည်း အန်ဒမန်နှင့်နီကိုးဘားကျွန်းစုများတွင် အကြီးမားဆုံးသော ရေတပ်စခန်းများထားရှိသည့်အတွက် တောင်အာရှတွင် ၎င်း၏ မဟာဗျူဟာရပ်တည်မှုအားကောင်းစေရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စစ်တကောင်းပင်လယ်ဆိပ်ကမ်းသည် အရေးကြီးသော အချက်အချာ နေရာတစ်ခုအဖြစ် အမေရိကန်နိုင်ငံက သတ်မှတ်ထားပါသည်။ ထို့အပြင် အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံစသည့် နိုင်ငံများအနေဖြင့် ပြဿနာများဖြစ်ပွားလာပါက ၎င်းနိုင်ငံများကို ထိန်းချုပ်ရန် စစ်တကောင်းဆိပ်ကမ်းသည် အမေရိကန်နိုင်ငံအတွက် အရေးပါသည့်အခန်းကဏ္ဍတွင် ရပ်တည်လျက်ရှိပါသည်။[17]

**ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံဆက်ဆံရေး**

၁၄။ ဘင်္ဂလားဒေ့ရှ်အစိုးရသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကဲ့သို့သော ကမ္ဘာ့အင်အားကြီးနှစ်နိုင်ငံတို့နှင့် ဟန်ချက်ညီသောဆက်ဆံရေးကို ထိန်းသိမ်းထားရှိပြီး နိုင်ငံအချင်းချင်းတရားဥပဒေနှင့်အညီ မျှတသောအမျိုးသားအကျိုးစီးပွားကိုဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယခုလက်ရှိဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာသည် ၎င်းအတိုက်အခံဘဝနှင့်ရှိစဉ်ကပင် တရုတ်ကွန်မြူနစ်ပါတီနှင့် ၎င်း၏ အဝါမီလိဂ်ပါတီ (Awami League -AL) နှစ်ရပ်ကြား ဆက်ဆံရေးအေးစက်စွာရှိခဲ့သော်လည်း ၎င်းဝန်ကြီးချုပ်ဖြစ်လာချိန်တွင်မူ အဝါမီလိဂ်ပါတီနှင့်တရုတ်ကွန်မြူနစ်ပါတီ နှစ်ရပ်ကြားတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်လာစေရန် ဆောင်ရွက်လာနိုင်သည်ကို တွေ့ရှိရပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နှစ်နိုင်ငံကြားတွင်

[17]Md. Rezwanul Kabir*, S.M. Rabiul Islam, Md. Milon Molla and Shoara Akter ၊ Geological_Importance_of_Bangladesh_in_Geopolitics ၊ Research Gate ၊ https://www.researchgate.net/publication/330366108၊ ထုတ်ဝေသည့်ရက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၈၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ခုနှစ်၊ ဇွန်လ ၁၆ ရက်)

အကြမ်းဖက်မှုတိုက်ဖျက်ရေး ပလက်ဖောင်းတစ်ခုအပေါ် အတူတကွလှော်ကြာက်လှမ်းနေကြပြီး နှစ်နိုင်ငံ အတွေ့အကြုံများကိုမျှဝေလျက် ပူးပေါင်းပါဝင်ဆောင်ရွက်လာကြသည်ကို တွေ့ရှိရပါသည်။

၁၅။ အိန္ဒိယသမုဒ္ဒရာတွင် အမေရိကန်နိုင်ငံ၏ ကြီးစိုးနေမှုအား တရုတ်နိုင်ငံအနေဖြင့် ထိန်းချုပ်ရန် ကြိုးပမ်းလျက်ရှိပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တရုတ်နိုင်ငံအတွက် မဟာဗျူဟာအရ အလွန်အရေးပါသည့်နေရာတွင် ရပ်တည်လျက်ရှိပါသည်။ အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား သုံးဖက်သုံးတန်မှ ပိတ်ဆို့ထိန်းချုပ်ထားသကဲ့သို့ဖြစ်နေသည့် ၎င်း၏ပထဝီအနေအထားကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံ၏ ခြိမ်းခြောက်မှုခံရသကဲ့သို့ရှိနေရာ တရုတ်နိုင်ငံနှင့် ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ထားခြင်းသည် အိန္ဒိယနိုင်ငံအား တန်ပြန်ရန်အတွက် အထောက်အပံ့တစ်ခု ဖြစ်ပေါ်စေလျက်ရှိပါသည်။ တရုတ်နိုင်ငံအတွက်မူ ကုန်သွယ်မှုနှင့် စွမ်းအင်ဖြည့်တင်းရေးရည်မှန်းချက်များအတွက် အိန္ဒိယသမုဒ္ဒရာသည်အရေးပါလှပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန်အမှီသဟဲပြုလျက်ရှိပါသည်။[18]

**တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့ အားပြိုင်မှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအပေါ် အကျိုးသက်ရောက်မှု**

၁၆။ အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ နစ်စဉ်နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော ဘင်္ဂါလီများကို ရာနှင့်ချီ၍ သတ်ဖြတ်မှုများဖြစ်ပွားခြင်းကြောင့် ပြဿနာများကို အမြဲဖြေရှင်းနေကြရပါသည်။ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံကြား နယ်ခြားမျဉ်းသတ်မှတ်ရေးနှင့် နယ်စပ်ပြဿနာများအဆုံးသတ်ရေး စာချုပ်ချုပ်ဆိုခဲ့ဖူးသော်လည်း ဂင်္ဂါမြစ်ရေခွဲဝေမှုပြဿနာမှာ ယနေ့တိုင်ရှိနေဆဲဖြစ်ပါသည်။ အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ရေမလိုအပ်သည့်အချိန်တွင် ရေလွှတ်ပေးပြီး လိုအပ်သည့်အချိန်တွင် ရေလွှတ်ပေးမှုမရှိခြင်း ကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်တွင် အခက်တွေ့နေရသည့် ရေခွဲဝေမှုပြဿနာများလည်း ရှိနေပါသည်။ ထို့ပြင် ရေခွဲဝေသုံးစွဲမှု

[18] Avia Nahreen ၊ The growing strategic importance of Bangladesh to China၊ The Daily Star ၊ available from: https://www.thedailystar. net/op-ed/the-growing-strategic-importance-bangladesh-china-1393957 ၊ ထုတ်ဝေသည့်ရက် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်၊ (ကြည့်ရှုသည့်ရက်စွဲ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃ ရက်)

ပြဿနာကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများလည်း ရှိနေပါသည်။[19]

၁၇။ တရုတ်နိုင်ငံအတွက် တောင်အာရှနှင့်သော်လည်းကောင်း၊ အရှေ့တောင်အာရှနှင့်သော်လည်းကောင်း မဟာဗျူဟာအရအရေးကြီးသည်မှာ ပိုးလမ်းမစီမံကိန်း (One Belt One Road - OBOR) အောင်မြင်ရေး ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံအနေဖြင့်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် တရုတ်နိုင်ငံ နီးကပ်စွာရှိနေမှုကို စိုးရိမ်သည့်အခြေအနေတွင်ရှိနေပြီး တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးအဆင်မပြေသော ပါကစ္စတန်နိုင်ငံဘက်မှလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်နီးစပ်မှုအရသော်လည်းကောင်း အိန္ဒိယနိုင်ငံအား ဖိအားပေးသကဲ့သို့ ဖြစ်နေပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့်တရုတ်နိုင်ငံအကြား ပဋိပက္ခဖြစ်ပွားလာပါက လုံခြုံစိတ်ချရသော နိုင်ငံတစ်ခုအဖြစ် မမှတ်ယူနိုင်ပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် အမျှော်အမြင်ရှိသော တွက်ဆမှုများဖြင့် ကြိုတင်ပြင်ဆင်မှုများ မပြုလုပ်ထားပါက လုံခြုံစွာရပ်တည်ရန် ခဲယဉ်းလှသည့် အခြေအနေများ ရှိနေပါသည်။[20]

၁၈။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စစ်ရေးအင်အားကိုလည်း တိုးချဲ့တည်ဆောက်နေပြီး ရေတပ်အင်အားတိုးချဲ့တည်ဆောက်ရန် တရုတ်နိုင်ငံ၏ အကူအညီကို ရယူလျက်ရှိပါသည်။ ထို့ပြင် ရုရှား၊ တူရကီ၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ အစရှိသည့်နိုင်ငံတို့တွင်လည်း အဆင့်မြင့်လက်နက်များ ရယူတိုးမြှင့်တည်ဆောက်လျက်ရှိပါသည်။ ပထဝီနိုင်ငံရေးအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ဒေသတွင်း Power ပြိုင်ဆိုင်မှုအယူအဆများကို နားလည်လက်ခံပြီး ဟန်ချက်ညီညီလျှောက်လှမ်းနေကာ သီးခြားလက်တွေ့အကျိုးမျှော်ဝါဒကို လက်ကိုင်ထားလျက်ရှိပါသည်။ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဒေသတွင်းဩဇာလွှမ်းမိုးမှုကိုရရှိနိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းနေမှုကို ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေ

---

[19] Jaya Thakur ၊ India-Bangladesh Trans-Boundary River Management: Understanding the Tipaimukh Dam Controversy ၊ Observer Research Foundation ၊ available from: https://www.orfonline.org/research/india-bangladesh-trans-boundary-river-management-understanding-the-tipaimukh-dam-controversy-60419/ ၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၈ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်)

[20] Harsh V. Pant ၊ India challenges China’s intentions on One Belt, One Road initiative ၊ OBSERVER RESEARCH FOUNDATION ၊ available from: https://www.orfonline.org/research/india-challenges-china-intentions-one-belt-one-road-initiative/ ၊ ထုတ်ဝေသည့်ရက် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၂ ရက်) ၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်)

ဖြင့် သိရှိလျက်ရှိပါသည်။ တစ်ဖက်တွင် အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံစတင် တည်ထောင်လာခဲ့စဉ်ကပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအား နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးတွင် ကျားကန်သည့် အနေအထားများရှိသကဲ့သို့ ယဉ်ကျေးမှုဘာသာစကားအရလည်း အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် နီးစပ်မှုရှိသောကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် ရေရှည်မိတ်ဆွေအဖြစ် ယူဆနိုင်သည့်အခြေအနေများစွာ တွေ့ရှိရပါသည်။ ပထဝီအနေအထားအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပိုင်းပြည်နယ်များအတွက် စကြံတစ်ခုအဖြစ်တည်ရှိနေရာ ၎င်းပြည်နယ်များသည် အိန္ဒိယနိုင်ငံ၏ကျန်အစိတ်အပိုင်းများနှင့် ခွဲခြားထားသကဲ့သို့ရှိနေပြီး တရုတ်နိုင်ငံ၏လွှမ်းမိုးမှုကို အသာမရစေရန်အတွက်လည်းကောင်း၊ အိန္ဒိယနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်တွင် အစ္စလာမ်အခြေခံဝါဒီများ၏ လှုပ်ရှားမှုများကို စိုးရိမ်ရသောကြောင့်လည်းကောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အရေးပါလျက် ရှိနေပါသည်။ တရုတ်နိုင်ငံအနေဖြင့်မူ ဘင်္ဂလားဒေ့ရှ်နိုင်ငံအား Soft Power ဖြင့် လွှမ်းမိုးရန်ကြိုးပမ်းလျက်ရှိနေသည်ကိုလည်း တွေ့ရှိရပါသည်။[21]

၁၉။ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မီးရထားလမ်း၊ ကျောက်မီးသွေးစွမ်းအင် စသည့်အခြေခံအဆောက်အအုံများအတွက် တိုးမြှင့်ရင်းနှီးမြှုပ်နှံနေသကဲ့သို့ စစ်ရေးအထောက်အပံ့များ ပေးကမ်းခြင်းဖြင့်လည်း လွှမ်းမိုးနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ သို့သော် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် စစ်လက်နက်အရာတွင် အိန္ဒိယနိုင်ငံထက် တရုတ်နိုင်ငံကိုသာ ပိုမိုအားကိုးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ဘာသာစကားယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင်မူ အိန္ဒိယနိုင်ငံ၏ အကူအညီမှာ ပိုမိုများပြားသကဲ့သို့ရှိနေပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေ ဖြင့်

[21]Tara Rao ၊ The extent of China's soft power in South Asia ၊ OBSERVER RESEARCH FOUNDATION ၊ available from: https:// www.orfonline.org/expert-speak/extent-china-soft-power-south-asia/ ထုတ်ဝေသည့်ရက် ၂၀၂၀ပြည့်နှစ်၊ ဇူလိုင်လ ၁၁ရက်) ၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၀ ရက်)

နှစ်နိုင်ငံစလုံးမှ အကူအညီများကို လက်ခံရယူနေသော်လည်း နှစ်နိုင်ငံစလုံးသည် အပေးထက် အယူကသာ ပိုများလျက်ရှိနေပါသည်။[22]

## မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေး

၂၀။ ကုန်းမြေထိစပ်မှု မိုင်ပေါင်း ၁၂၆.၆၈ မိုင်ရှိပြီး ရေမြေထိစပ်မှုမိုင်ပေါင်း ၃၉.၈၂ မိုင်ရှိသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနိုင်ငံကြား ဘင်္ဂါလီအရေးနှင့်ပတ်သက်ပြီး ယခုအခါတွင် နှစ်နိုင်ငံဆက်ဆံရေးမှာ အဖုအထစ်များရှိလာခဲ့ပါသည်။ ၁၉၇၂ ခုနှစ်၊ မတ် ၂၁ ရက်တွင် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သံတမန်ဆက်ဆံရေး နှစ်ပေါင်း ၅၀ နီးပါးခန့်ရှိလာသည့်အချိန်တွင် ယင်းကိစ္စရပ်များ ပေါ်ပေါက်လာခြင်းဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၅ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အာဆာအကြမ်းဖက်အဖွဲ့မှ တိုက်ခိုက်ခဲ့ပြီး မြန်မာအစိုးရမှနယ်မြေရှင်းလင်းမှုများဆောင်ရွက်ခဲ့ရာ ဘင်္ဂါလီအများအပြားသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့ကြပါသည်။[23] ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့သည့် ဘင်္ဂါလီများကို ပြန်လည်လက်ခံရေးကိစ္စရပ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့အကြား ၁၉၉၃ ခုနှစ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ ပြန်လည်လက်ခံရန် စီစဉ်ထားခဲ့ပါသည်။[24]

၂၁။ နှစ်နိုင်ငံသဘောတူညီမှုအရ ပြန်လည်လက်ခံရေးကိစ္စနှင့်စပ်လျဉ်း၍ နေပြည်တော်တွင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် (Arrangement on Return of Displaced Persons From Rakhine State) သဘောတူညီချက်ကို နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန၊

[22] Bharat Bhushan ၊ Thow Does India Plan To Counter China's Influence In Bangladesh?၊ The Quint ၊ available from: https://www.thequint.com/voices/opinion/china-influence-trade-deals-in-bangladesh-india-diplomacy-strategic-options၊ ထုတ်ဝေသည့် ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၉ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၁)

[23] ဘင်္ဂါလီပြဿနာကြောင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်ဆက်ဆံရေး ပိုမိုဆိုးရွားသွားနိုင်သလား၊ ELEVEN MEDIA GROUP၊ available from: https://news-eleven.com/headline/59587 ၊ ထုတ်ဝေသည့်ရက် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်)

[24] ၁၉၉၃ သဘောတူညီချက်နဲ့ ဘင်္ဂါလီတွေကို ပြန်ခေါ်မယ်ဆိုရင် စိန်ခေါ်မှုတွေက ဘာဖြစ်မလဲ၊ MCN TV News Channel available from: https://www.youtube.com/watch?v=fiqzu7VfAKQ ထုတ်ဝေသည့်ရက် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၇ ရက်)

ပြည်ထောင်စုဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးတို့ လက်မှတ်ရေးထိုးခဲ့ ကြပါသည်။ နှစ်နိုင်ငံသဘောတူညီချက်နှင့်အညီ မြန်မာနိုင်ငံအတွင်း အမှန်တကယ်နေထိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိမှုများကို ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေနှင့် ၁၉၉၃ ခုနှစ်၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက် ၄ ချက်နှင့်အညီ စိစစ်လက်ခံသွားမည်ဖြစ်ပါသည်။ ၎င်းတို့မှာ-

(က) ပြန်လည်ဝင်ရောက်လာသူသည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သူဖြစ်ရမည်၊

(ခ) ၎င်းတို့ကိုယ်တိုင် ပြန်လည်ဝင်ရောက်လိုသူများ ဖြစ်ရမည်၊

(ဂ) ကွဲကွာနေသော မိသားစုဝင်များစာရင်းအတွက် ဘင်္ဂလားဒေ့ရှ်ဗဟိုအဆင့်ရှိသော တရားရုံးမှ ထောက်ခံချက်ပါရှိရမည်၊

(ဃ) တစ်ဖက်နိုင်ငံတွင် ထပ်မံမွေးဖွားသောကလေးသည် မြန်မာနိုင်ငံတွင် နေထိုင်ခဲ့သော မိဘနှစ်ပါးမှ မွေးဖွားသည့်ကလေးဖြစ်ရမည် စသည်တို့ဖြစ်ပါသည်။[25]

**မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံတင်းမာမှုများ**

၂၂။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြားရှိ ဘင်္ဂလားပင်လယ်ပြင်တွင် ကမ်းလွန်ရေနံပြင်နှင့် သဘာဝဓာတ်ငွေ့သိုက်များ အများအပြားရှိကြောင်း စမ်းသပ်တွေ့ရှိခဲ့ပြီးနောက်ပိုင်း ၎င်းနေရာအား နှစ်ကာလများစွာ နယ်မြေပိုင်ဆိုင်မှုအငြင်းပွားမှုများ ရှိခဲ့ကြပါသည်။ မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ရေနယ်နိမိတ်ချင်းထိစပ်နေသည့်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံအကြား ပိုင်နက်ပင်လယ်၊ ကမ်းလွန်ရေတိမ်ပိုင်းနှင့်သီးသန့်စီးပွားရေးဇုန်နယ်နိမိတ်ကို သတ်မှတ်နိုင်ရေးအတွက် ၁၉၇၄ ခုနှစ် မှ ၁၉၇၄ ခုနှစ်အထိ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ဆွေးနွေးပွဲများတွင် နှစ်နိုင်ငံ တူညီသောအခြေခံ (Common Ground) ကို မတည်ဆောက်နိုင်သဖြင့် တိုးတက်မှုတစ်စုံတစ်ရာ မရရှိခဲ့ပဲ ၁၉၈၆ ခုနှစ်တွင် ဆွေးနွေးပွဲများကို ၂၁ နှစ်ကြာ ရပ်ဆိုင်းခဲ့ပါသည်။ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလတွင်မူ မြန်မာနိုင်ငံနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သော ရေနံလုပ်ကွက် AD-7

[25] လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၏ ကောက်နုတ်ချက်ရရှိပါသည်။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ သတ္တမပုံမှန်အစည်းအဝေး (၂၈) ရက်မြောက်နေ့ (၁၄-၃-၂၀၁၈)၊ available from: https://pyithuhluttaw.gov.mm/question-1552 (ကြည့်ရှုသည့်ရက်စွဲ ၂၅-၅-၂၀၂၀)

တွင် တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်နေသောသင်္ဘောအား ဘင်္ဂလားဒေ့ရှ်ရေပိုင်နက်အတွင်း ကျူးကျော်နေသဖြင့် တိုင်းတာမှုအား ရပ်ဆိုင်းရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တောင်းဆိုမှုများ ပြုလုပ်ခဲ့ပါသည်။

၂၃။ နှစ်နိုင်ငံအကြားတင်းမာမှုများကို ရှောင်ရှားနိုင်ရန်အတွက် ပင်လယ်နယ်နိမိတ်သတ်မှတ်ရေး ကျွမ်းကျင်သူအဆင့်ဆွေးနွေးပွဲများကို ၂၉-၃-၂၀၀၈ ရက်နေ့မှ ၁၈-၃-၂၀၁၀ ရက်နေ့အထိ ၆ ကြိမ် ပြန်လည်ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲများပြန်လည်ကျင်းပနေချိန်ကာလအတွင်းမှာပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ အနုညာတစီရင်ဆုံးဖြတ်ခြင်းခုံအဖွဲ့ ဖွဲ့စည်းဖြေရှင်းရန် မြန်မာဘက်သို့ အကြောင်းကြားခဲ့ပြီး နှစ်နိုင်ငံခုံသမာဓိလူကြီးများရွေးချယ်ရာတွင် သဘောတူညီမှုမရရှိခဲ့သဖြင့် ၎င်းပင်လယ်နယ်နိမိတ်သတ်မှတ်ရေးအငြင်းပွားမှုအား ဂျာမနီနိုင်ငံ၊ ဟမ်းဘက်မြို့ရှိ ပင်လယ်ရေကြောင်းဆိုင်ရာနိုင်ငံတကာခုံရုံး (International Tribunal for Law of the Sea-ITLOS) သို့ တင်သွင်းဖြေရှင်းရန် နှစ်နိုင်ငံသဘောတူညီမှုရရှိခဲ့ပါသည်။ ၁၄-၃-၂၀၁၂ ရက်နေ့တွင် ITLOS ၏ အပြီးသတ်စီရင်ချက်အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တောင်းဆိုသော ဧရိယာမှာ ၆၉,၁၉၇ စတုရန်းကီလိုမီတာဖြစ်ပြီး ITLOS မှ ဆုံးဖြတ်ပေးသော ပင်လယ်ပြင်နယ်နိမိတ်မျဉ်းအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှရရှိသောဧရိယာမှာ ၁၁၁,၆၃၁ စတုရန်းကီလိုမီတာ ဖြစ်ခဲ့ပါသည်။ ထို့အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှပိုမိုရရှိသောဧရိယာမှာ ၄၁,၉၁၄ စတုရန်းကီလိုမီတာဖြစ်ခဲ့ပြီး ထိုသို့ နယ်မြေဧရိယာ ပိုမိုရရှိခြင်းမှာ ITLOS မှ သတ်မှတ်သည့်ဧရိယာများပြားခြင်းကြောင့် ဖြစ်ပါသည်။ ထို့အပြင် အဓိကအငြင်းပွားနေသည့် စိန့်မာတင်ကျွန်းပတ်လည် ရေမိုင် ၂၀ ပတ်ပတ်လည်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏အချုပ်အခြာအာဏာပိုင်အဖြစ် ITLOS မှ သတ်မှတ်ပေးခဲ့ပါသည်။ [26]

၂၄။ ၂၀၀၉ ခုနှစ်တွင် မြန်မာအစိုးရက ခြံစည်းရိုးကာသည့်လုပ်ငန်းအား စတင်လုပ်ဆောင်ခဲ့ချိန်တွင်လည်း မကျေနပ်မှုများ ပေါ်ပေါက်လာခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ခိုးဝင်လာသည့် ဘင်္ဂါလီများ၏ရန်ကို ကာကွယ်နိုင်ရန် မြန်မာအစိုးရမှ လုပ်ဆောင်ခဲ့ခြင်းဖြစ်သော်လည်း

[26] ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့ထုတ်၊ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁ ၊ ၃၊ ၄၊ ၅ ၊ (ကြည့်ရှုသည့်ရက် ၁၉-၈-၂၀၂၀)

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ကြိုက်နှစ်သက်ခြင်းမရှိခဲ့ပါ။ ၂၀၁၈ ခုနှစ်တွင် ခြံစည်းရိုးတည်ဆောက်ပြီးစီးမှုမှာ ၁၄၁ . ၃၇၈ မိုင်ဖြစ်ပြီး ခြံစည်းရိုးကာရံရန် ကျန်ရှိနေသည်မှာ ၃၉ . ၂၁၇ မိုင် ဖြစ်ပါသည်။

၂၅။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် မြန်မာနယ်စပ်အကြားတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဘန်ကာများဆောက်လုပ်ထားမှု၊ CCTV များ မြန်မာနိုင်ငံဘက်သို့ တပ်ဆင်ထားမှုများကြောင့် မြန်မာအစိုးရက ကန့်ကွက်မှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ရပါသည်။ ယင်းဖြစ်စဉ်များနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ်၊ မေလ ၂၃ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီးအားခေါ်၍ သတိထောက်လွှာပေးအပ်ခဲ့ပါသည်။[27]

**မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံစစ်အင်အားပိုင်ဆိုင်မှုအခြေအနေ**

၂၆။ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံစစ်အင်အားပိုင်ဆိုင်မှုများအား ၂၀၂၀ ခုနှစ်၊ Global Fire Power (GFP) ၏ ထုတ်ပြန်ထားချက်အရ အောက်ပါအတိုင်းဖြစ်ပါသည်-

| နိုင်ငံ | အဆင့် (rank) | စစ်မှုထမ်းဆောင်နိုင်သည့် ဦးရေ (သန်း) (Available Manpower) | စစ်မှုထမ်းရန်သင့်တော်သည့် ဦးရေ (သန်း) (Fit For Service) | စစ်မှုထမ်းပေါင်း(သန်း) (Total Military Personal) | ကာကွယ်ရေးအသုံးစရိတ် USD (သန်း) (DefenseBudget) |
|---|---|---|---|---|---|
| မြန်မာ | ၃၅ | ၃၀.၂ | ၂၁.၈ | ၀.၄၁ (ခန့်မှန်း) | ၂,၆၅၀[28] |
| ဘင်္ဂလားဒေ့ရှ် | ၄၆ | ၇၈.၉ | ၆၃.၁ | ၀.၁၆ (ခန့်မှန်း) | ၃,၈၀၀[29] |

[27]ဘင်္ဂါလီပြဿနာကြောင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်ဆက်ဆံရေး ပိုမိုဆိုးရွားသွားနိုင်သလား၊ ELEVEN MEDIA ၊ available from: https://news-eleven.com/headline/59587 ၊ ထုတ်ဝေသည့်ရက် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ် မေလ ၂၅ ရက်)

[28] Myanmar Military Strength (2020)၊ GLOBAL FIRE POWER ၊ available from: https://www.globalfirepower.com/country-military-strength-detail.asp?country_id=myanmar ၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်)

[29] Bangladesh Military Strength (2020)၊ GLOBAL FIRE POWER ၊ available from: https://www.globalfirepower.com/country-military-strength-detail.asp?country_id=bangladesh ၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၅ ရက်)

## မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ဖြစ်ပေါ်နေသည့်အခြေအနေများအပေါ် ပူးပေါင်းဆောင်ရွက်မှုများ

၂၇။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ဝန်ကြီးအဆင့်အစည်းအဝေးပြုလုပ်ခဲ့ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နယ်စပ်ဒေသလုံခြုံရေးနှင့် ဒုက္ခသည်များအတွက် အရှိန်မြှင့်တင်ဆောင်ရွက်သွားရန် အောက်ပါသဘောတူညီချက် ၈ ချက်ကို ရရှိခဲ့ပါသည်-

(က) မကြာသေးမီက ကော့(ဇ်)ဘဇားသို့ ထွက်ပြေးတိမ်းရှောင်သွားသည့် ရခိုင်ဒေသမှ နေရပ်စွန့်ခွာသွားကြသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ စတင်နိုင်ရန် နှစ်နိုင်ငံအကြားသဘောတူညီခဲ့ကြောင်း၊ ပြန်လည်လက်ခံရေး ဆောင်ရွက်ရာတွင် မိမိဆန္ဒအလျောက် လုံခြုံစိတ်ချစွာနှင့် ဂုဏ်သိက္ခာရှိစွာ နေရပ်ပြန်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နှစ်နိုင်ငံဝန်ကြီးများအကြား ပြန်လည်လက်ခံရေးဆိုင်ရာကိစ္စရပ်များဆွေးနွေးရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် တိုက်ရိုက်အဆက်အသွယ်မှုပြုနိုင်မည့် Hotline တစ်ခုထူထောင်ထားပြီးဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

(ခ) နှစ်နိုင်ငံအကြား သဘောတူထားသည့် စိစစ်ရေးပုံစံ (Vertification Forms) များကို ကော့(ဇ်)ဘဇားတွင် ရောက်ရှိနေသည့် နေရပ်စွန့်ခွာသွားသူများထံ ဖြန့်ဝေရေးနှင့် ပုံစံများကို ၎င်းတို့ကိုယ်တိုင် ဖြည့်စွက်နိုင်ရန် သဘောတူညီခဲ့ကြောင်း၊ ထို့ပြင် မြန်မာအစိုးရအနေဖြင့် စိစစ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုစေရန်နှင့် နေရပ်စွန့်ခွာသွားသူများသည် ၎င်းတို့ဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လိုခြင်းဖြစ်ကြောင်းကို သက်သေပြနိုင်မည့် ပြန်လည်ဝင်ရောက်လိုသူ၏ လက်မှတ်၊ လက်ဗွေနှင့် ဓာတ်ပုံများအား ပုံစံများတွင် ထည့်သွင်းဖြည့်စွက်သွား

စေရေးအတွက်လည်း နှစ်နိုင်ငံအကြား သဘောတူညီခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင်ပါရှိသည်။

(ဂ) ပြန်လည်လက်ခံရေးအစီအစဉ်တွင် သဘောတူထားသည့်အတိုင်း မြန်မာအစိုးရအနေဖြင့် ယာယီလက်ခံရေးစခန်းနှစ်ခုနှင့် ကြားစခန်းတစ်ခု ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဆောင်ရွက်ရန်သဘောတူထားသည့် ယာယီစခန်း ၅ ခုအနက် စခန်းတစ်ခုအား ဆောက်လုပ်ပြီးဖြစ်ကြောင်း၊ ယာယီစခန်းတစ်ခုမှာ ဆောက်လုပ်ဆဲဖြစ်ကြောင်း၊ ယာယီစခန်း ၃ ခုမှာ ဆောက်လုပ်ရန်ကျန်ရှိနေသေးကြောင်းကို အတည်ပြုပြောကြားခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

(ဃ) စတုတ္ထအချက်မှာ အကြမ်းဖက်မှုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်တင်ဆောင်ရွက်ရန် သတင်းများအပြန်အလှန်ဖလှယ်ရေး၊ နှစ်နိုင်ငံနယ်စပ်လုံခြုံရေးအတွက် တာဝန်ရှိသူများအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို နှစ်နိုင်ငံအကြား သဘောတူညီခဲ့ကြောင်း သိရသည်။

(င) မြန်မာနှင့်ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နိုင်ငံတကာနယ်နိမိတ်တွင် နေထိုင်လျက်ရှိသူများ၊ အထူးသဖြင့် နိုင်ငံတကာနယ်နိမိတ်နှင့် မြန်မာနိုင်ငံပိုင်နက် နယ်မြေပေါ်တွင် တည်ဆောက်ထားသည့် ခြံစည်းရိုးအကြား နေထိုင်နေသူများအား ပြန်လည်လက်ခံနိုင်ငံရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ရန်နှစ်နိုင်ငံအကြား သဘောတူညီခဲ့ကြောင်း ထုတ်ပြန်ချက်အရသိရသည်။

(စ) အဆိုပါ မြန်မာပိုင်နက်နယ်မြေပေါ်တွင် နေထိုင်နေသူများအား လူသားချင်းစာနာထောက်ထားမှုပစ္စည်းများ ထောက်ပံ့ပေးသည့်ကိစ္စအား မြန်မာနိုင်ငံဘက်ရှိ

အထောက်အပံ့ပေးရေးဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်သွားရန် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

(ဆ) မြန်မာနိုင်ငံမှ နေရပ်စွန့်ခွာသွားသူများအား ထုတ်ပေးထားသည့် သက်သေခံလက်မှတ်များအပေါ်တွင် အသုံးပြုထားသည့် အသုံးအနှုန်းအား ပြန်လည်ပြင်ဆင်ပေးရန်အတွက် ဘင်္ဂလားဒေ့ရှ်ဘက်မှ သဘောတူညီခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

(ဇ) နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် ဘီပီ - ၃၄ နှင့် ဘီပီ - ၃၅ အကြားရှိ နယ်စပ်မျဉ်းအား နှစ်နိုင်ငံပူးတွဲစစ်ဆေးမှုတစ်ရပ်ပြုလုပ်ရန် နှစ်နိုင်ငံအကြား သဘောတူညီခဲ့ကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများကိစ္စ ဖြေရှင်းရာတွင် အိမ်နီးချင်းကောင်းပီသစွာဖြင့် နှစ်ဖက်ညှိနှိုင်းတိုင်ပင်ဆောင်ရွက်သွားရန်နှင့် နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြောင်းစသည်တို့ဖြစ်ပါသည်။[30]

**ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုအခြေအနေ**

၂၈။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါပိုးအား ၂၀၂၀ ခုနှစ်၊ မတ်လ ၈ ရက်နေ့ တွင် စတင်တွေ့ရှိခဲ့ပြီး မတ်လ ၁၈ ရက်နေ့တွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူတစ်ဦး စတင်တွေ့ရှိခဲ့ပါသည်။ ၎င်းသေဆုံးသူသည် အသက် ၇၀ အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး နိုင်ငံခြားမှ ပြန်လာသူတစ်ဦးနှင့်ထိတွေ့ရာမှ ရောဂါကူးစက်ခံရပြီး သေဆုံးခဲ့ခြင်းဖြစ်ပါသည်။[31] ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် Worldometer မှ ထုတ်ပြန်သော ကိုရိုနားဗိုင်းရပ်ဖြစ်ပွားမှုစာရင်း အရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသောနိုင်ငံ ၂၁၅ နိုင်ငံအနက် အဆင့် ၁၅ နေရာတွင် တည်ရှိနေပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့ အထိ

---

[30] ELEVEN MEDIA GROUP group ၊ available from: https://elevenmyanmar.com/news/73954 ၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

[31] Riyaz ul Khaliq and SM Najmus Sakib ၊ Bangladesh confirms first death from new coronavirus၊ AA ၊ available from: https:// www.aa.com.tr/en/asia-pacific/bangladesh-confirms-first-death-from-new-coronavirus/1770315 ၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်)

စုစုပေါင်းရောဂါဖြစ်ပွားသူ ၃၁၄,၉၄၆ ဦး၊ စုစုပေါင်းသေဆုံးသူ ၄,၃၁၆ ဦး၊ စုစုပေါင်း ပြန်လည်ကျန်းမာရေး ကောင်းမွန်လာသူ ၂၀၈,၁၇၇ ဦး၊ ဆေးကုသမှုခံယူနေသူ ၁၀၂,၄၅၃ ဦးအထိရှိခဲ့ပါသည်။[32] ရောဂါထိန်းချုပ်မှုများအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လူဦးရေထူထပ်သောနိုင်ငံဖြစ်ပြီး နိုင်ငံသား ၁၀ သန်းခန့်သည် နိုင်ငံခြားတွင် အလုပ်လုပ်ကိုင်ကြသောကြောင့် ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် နိုင်ငံများမှပြန်လာခဲ့သည့် ထောင်ပေါင်းများစွာသော ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများအား ၎င်းတို့၏နေအိမ်တွင် ၁၄ ရက် ခွဲနေထိုင်ရန် အစိုးရမှတိုက်တွန်းမှုများ ပြုလုပ်ခဲ့ပါသည်။[33] ထို့ပြင် ဘင်္ဂလားဒေ့ရှ်အစိုးရသည် နိုင်ငံအတွင်း ဗိုင်းရပ်စ်ပိုးကူးစက်သူအရေအတွက် မြင့်တက်နေမှုကြောင့် အနီ၊ အဝါနှင့် အစိမ်းဟူ၍ အရောင် ၃ ရောင်ဖြင့် ဇုန်များခွဲ၍ Lockdown စီမံချက်များချမှတ်ခြင်း၊[34] နိုင်ငံအတွင်း COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် ရောဂါ စမ်းသပ်စစ်ဆေးမှုများကို ဦးစားပေးလုပ်ဆောင်လျက်ရှိခြင်း စသည်တို့ကို ဆောင်ရွက်လျက် ရှိပါသည်။[35] Lockdown စီမံချက်များ အသက်ဝင်ရန် ကြိုးပမ်းခဲ့မှုတွင်ပါဝင်ခဲ့သော ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့ဝင်များအနက် ၆,၀၀၀ ကျော်သည် ဗိုင်းရပ်စ်ကူးစက်ခံခဲ့ရပြီး ၁၉ ဦးအထိ သေဆုံးမှုများ လည်း ရှိခဲ့ပါသည်။[36]

၂၉။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၎င်း၏ COVID - 19 ဗိုင်းရပ်စ်ပိုးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၂၀ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာ ဖောင်ဒေးရှင်းတို့သည် ပထမအသုတ်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးနှင့် မိသားစုရေးရာ

---

[32] Report coronavirus cases၊ WORLDOMETER ၊ available from: https://www.worldometers.info/coronavirus/ ၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ စက်တင်လာလ ၂ ရက်)

[33]Julhas Alam ၊ Bangladesh's Leader Urges All Citizens to Stay at Home to Slow Virus Spread၊ THE DIPLOMAT ၊ available from: https://thediplomat.com/2020/03/bangladeshs-leader-urges-all-citizens-to-stay-at-home-to-slow-virus-spread/ ၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်)

[34] ဘင်္ဂလားဒေ့ရှ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၈၀၀၀ ကျော်နှင့် သေဆုံးသူ ၁၀၀၀ ကျော်ရှိလာပြီး အိန္ဒိယတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၈၀၀၀ နီးပါးရှိလာ၊ ELEVEN MEDIA GROUP ၊ available from: https://news-eleven.com/article/177954?fbclid=IwAR3Nzxx34ElYUz6y8-dl25Y2po BAokyujs EA FrZq kERgX2YH6wYrDLD1TSE ၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်)

[35] ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၁၃၊ ဘင်္ဂလားဒေ့ရှ်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သုံးသိန်းကျော်ရှိလာပြီး ၄၂၀၆ ဦးသေဆုံး၊ (ကြည့်ရှုသည့်ရက်စွဲ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၂ ရက်)

[36] ဘင်္ဂလားဒေ့ရှ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၈၀၀၀ ကျော်နှင့် သေဆုံးသူ ၁၀၀၀ ကျော်ရှိလာပြီး အိန္ဒိယတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၈၀၀၀ နီးပါးရှိလာ၊ ELEVEN MEDIA GROUP ၊ available from: https://news-eleven.com/article/177954?fbclid=IwAR3Nzxx34ElYUz6y8-dl25Y2poBAokyujsEA FrZq kERgX2YH6wYrDLD1TSE ၊ ထုတ်ဝေသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၁ ရက်၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ မေလ ၄ ရက်)

ဝန်ကြီးဌာနသို့ COVID-19 စမ်းသပ်ရေးပစ္စည်း ၃၀,၀၀၀ ပေးပို့လှူဒါန်းခဲ့ပါသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်းတို့သည် ဒါကာရှိ တရုတ်သံရုံးတို့နှင့်ပူးပေါင်း၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကျန်းမာရေးနှင့် မိသားစုရေးရာဝန်ကြီး ဌာနသို့ COVID-19 စမ်းသပ်ပစ္စည်း ၃၀,၀၀၀၊ နှာခေါင်းစည်း ၃၀၀,၀၀၀ နှင့်အတူ ဆေးဘက်ဆိုင်ရာပစ္စည်းများ လှူဒါန်းခဲ့ပါသည်။[37]

## နိဂုံး

၃၀။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ စီးပွားရေး၊ စစ်ရေးတိုးချဲ့တည်ဆောက်မှုများရှိနေသည့်အပြင် ယခင်ကတည်းကသန္ဓေတည်နေခဲ့သော လူမျိုးရေး၊ ဘာသာရေး အမုန်းတရားများကြောင့် ဒေသတွင်းမတည်မငြိမ်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့သော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အမေရိကန်နိုင်ငံ၏ တောင်အာရှနှင့် အရှေ့တောင်အာရှအတွင်း သြဇာလွှမ်းမိုးချဲ့ထွင်ခြင်းများကြောင့် ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျသည့် အနေအထားတွင် တည်ရှိနေပါသည်။ သို့ဖြစ်ပါ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့် ပထဝီနိုင်ငံရေးအား ပိုင်ဆိုင်ထားသည်ကိုတွေ့ရှိရပြီး ၎င်းအချက်များသည် မိမိတို့နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒများချမှတ်ရာတွင် များစွာအရေးပါလျက်ရှိပါသဖြင့် ဥပဒေပြုရေးတာဝန်ဆောင်ရွက်ကြသော လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လေ့လာသိရှိမှတ်သားနိုင်ရန် ပြုစုတင်ပြအပ်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်ဂျူးဂျူးဝသန် (အကြီးတန်းစာရေး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

[37] ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၃၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ COVID-19 တိုက်ဖျက်ရာတွင် ဂျက်မားဖောင်ဒေးရှင်းနှင့် အလီဘာဘာဖောင်ဒေးရှင်းတို့ ဆေးပစ္စည်းများလှူဒါန်း၊ စာမျက်နှာ ၁၄၊ (ကြည့်ရှုသည့်ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၅ ရက်)

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၃၉၁၂၈၄၊ ၀၆၇ - ၃၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com